# ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ရခိုင်ပြည်နယ်ခရီးစဉ်

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးဦးစီးဌာန)လိုက်ပါလျှက် ရခိုင်ပြည်နယ်သို့ ခရီးထွက်ခွာရန် ၁၅ - ၆ -၂၀၁၈ နေ့တွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်ဖြင့် သွားရောက်ပါသည်။ ၁၆ - ၆ -၂၀၁၈ နေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ရန်ကုန်မြို့ မြန်မာနိုင်ငံစာရင်းကောင်စီရုံးတွင် စာရင်းကိုင်အလုပ် သင်ကြားပေးသည့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ၁၇ - ၆ -၂၀၁၈ နေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ငပလီမြို့သို့ ထွက်ခွာခဲ့ပါသည်။ ငပလီမြို့မှ သံတွဲမြို့သို့ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး သံတွဲမြို့ ဒွါရာဝတီခန်းမတွင် သံတွဲခရိုင်/မြို့နယ် နှင့် ကျောက်ဖြူခရိုင်/မြို့နယ်မှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲပြုလုပ်ပါသည်။ ထို့နောက် ငပလီမြို့သို့ မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ပါသည်။

၂။ ၁၈ - ၆ -၂၀၁၈ နေ့တွင် လေကြောင်းခရီးဖြင့် ငပလီမြို့မှ စစ်တွေမြို့သို့ထွက်ခွာခဲ့ပါသည်။ ညနေပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်မှ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၃။ ၁၉ - ၆ - ၂၀၁၈ နေ့တွင် ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ စစ်တွေခရိုင်၊ မြောက်ဦးခရိုင်၊ မောင်တောခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးခန်းမ၌ တွေ့ဆုံပွဲပြုလုပ်ပါသည်။ ထို့နောက် စစ်တွေမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းနှင့် လမ်းတံတားအထူးအဖွဲ့(၈)မှ ဆောင်ရွက်နေသည့် ဆပ်ရိုးကျတံတားတို့အား ကြည့်ရှုလေ့လာပါသည်။

၄။ ၂၀ - ၆ - ၂၀၁၈ နေ့တွင် စစ်တွေမြို့မှ ကျောက်တော်မြို့၊ ကျောက်တော်မြို့မှ မြောက်ဦးမြို့သို့ ထွက်ခွာခဲ့ပါသည်။ မြောက်ဦးမြို့တွင် မြောက်ဦးခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံးများသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လမ်းညွှန်မှာကြားပါသည်။

၅။ ၂၁ - ၆ - ၂၀၁၈ နေ့တွင် မြောက်ဦးမြို့မှ မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာပြီး စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ၂၂ - ၆ - ၂၀၁၈ နေ့တွင် လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

၆။ ၂၃ - ၆ - ၂၀၁၈ နေ့တွင် ရန်ကုန်မြို့၌ ရပ်နားပြီး ၊ ၂၄ - ၆ - ၂၀၁၈ နေ့တွင် မြန်မာနိုင်ငံစာရင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ASEAN Chartered Professional Accountants လက်မှတ်ပေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ ၂၅ - ၆ - ၂၀၁၈ နေ့ တွင် ရန်ကုန်မြို့ မှ နေပြည်တော်သို့ မော်တော်ယာဉ်ဖြင့် ပြန်လည်ရောက်ရှိခဲ့ပါသည်။

၇။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ခရီးစဉ်အတွင်း စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပွဲ၌ လမ်းညွှန်မှာကြားချက်အနေဖြင့် အထက်လူကြီးများမှ ဝန်ထမ်းများအပေါ် ယုံကြည်ကိုးစားမှု၊ အကောင်းမြင်ဝါဒရှိမှု၊ ကြီးပွားတိုးတက်လိုစိတ်ရှိမှု၊ လုပ်ငန်းများကို လုံ့လဝီရိယဖြင့် ဇောက်ချလုပ်ကိုင်

မှု၊ သစ္စာရှိမှုစသည့် မျှော်မှန်းချက်များထားရှိလေ့ရှိကြောင်း ယင်းမျှော်မှန်းချက်များကို ပြည့်ဝအောင် အားလုံးကြိုးစားရမည်ဖြစ်ကြောင်း၊ စာရင်းစစ် စာရင်းကိုင်ပညာရှင်များထိန်းသိမ်းရမည့် ကျင့်ဝတ်များဖြစ်သည့် ရိုးသားဖြောင့်မတ်မှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ လုံလဝီရိယစိုက်ထုတ်မှု၊ လျှို့ဝှက်ချက် ထိန်းသိမ်းမှုနှင့် ပြည်သူ့အကျိုးစီးပွား ဦးထိပ်ပန်ဆင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူတိုင်း နေ့စဉ်ဆန္ဒမှန်ထားရှိဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နေ့စဉ်ဆန္ဒမှန်များမှာ တာဝန်ကို အပြည့်အဝ တာဝန်ခံဆောင်ရွက်၍ ကောင်းတာလုပ်ခြင်းဖြင့် ကြမ္မာကောင်းခံစားရမှု၊ ကိုယ့်ခန္ဓာနှင့်စိတ်ကို စီမံခန့်ခွဲမှုကောင်းလုပ်ဆောင်နိုင်မှု၊ မနှစ်မြို့သူ၊ ပျက်စီးစေလိုသူများအား မေတ္တာမပျက်သည့် စိတ်ထားနိုင်မှု၊ လူတိုင်းစိတ်ကျေနပ်မှုရှိစေရန် လုပ်ကိုင်ဆောင်ရွက်မှု၊ ကိုယ့်ဆန္ဒနဲ့ ကိုယ်လုပ်ကိုင်ဆောင်ရွက်မှု၊ မူဝါဒနှင့်စပ်လျဉ်း၍ ခိုင်ခိုင်မာမာရပ်တည်မှု၊ မိမိနှင့်ထိတွေ့သူများကို အမှန်တရား၊ သစ္စာတရား တို့ဖြင့် ပျော်ရွှင်စေမှုတို့ဖြစ်ကြောင်း၊ ထို့အပြင် ဘဝနေထိုင်နည်းဆိုင်ရာ ပုံပြင်နှင့်အသက်ရှည်ရှည် အန္တရာယ်ကင်းစွာဖြင့် နေထိုင်နည်းများကို ပြောကြားခဲ့ပါသည်။

၈။ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ အလုပ်နှင့်နားချိန်မျှတစေလိုကြောင်း၊ ယခုအခါ CPA ဝင်ပေါက်များ တိုးချဲ့ထားပါကြောင်း၊ CPA နှင့် DA သင်တန်းများလေ့လာတက်ရောက်ပြီး ဖြေဆိုနိုင်ကြပြီဖြစ်၍ ကြိုးစားလေ့လာတက်ရောက်ကြစေလိုကြောင်း၊ ပြည်ပမှ ပညာသင်ဆုများနှင့် ပတ်သက်၍ ဝန်ထမ်းများတက်ရောက်ရန် အားပေးကြောင်း ပြည်ပဘွဲ့ဒီဂရီများရရှိရေး ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ပနှင့်ထိတွေ့မှုများပါက မိမိကိုယ် ယုံကြည်မှုပိုမိုလာမည်ဖြစ်ကြောင်း၊ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လိုအပ်ပါက သုံးရန်ဖြစ်ပြီး၊ မဖြုန်းရန်နှင့် အသုံးမလိုပါက ပြန်အပ်ရန် ဖြစ်ကြောင်း၊ ဝန်ထမ်းများထပ်တိုးခန့်ထားရေး အစီအစဉ်ရှိပါကြောင်း၊ သို့ပါ၍ နေထိုင်ရေးကိစ္စ အဆင်ပြေစေရေး ကြိုတင်စီမံဆောင်ရွက်မှုများ ဆောင်ရွက်စေလိုကြောင်းဖြင့် မှာကြားခဲ့ပါသည်။

၉။ တွေ့ဆုံပွဲများတွင် ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး၊ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စစ်ဆေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ပါသည်။